The Elders

**Elders အဖွဲ့။ ။ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ အခြေခံလူတန်းစားများ၏ ပါဝင်မှုအခန်းကဏ္ဍတစ်ရပ် ရှိရမည်။**

၂၀၁၄ ခုနှစ် မတ်လ ၂၈ ရက်
**ချက်ချင်းထုတ်ပြန်ရန်**

ချင်းမိုင်မြို့ (ထိုင်းနိုင်ငံ) – လူမှုအဖွဲ့အစည်းအတွင်း ဆယ်စုနှစ်ပေါင်းများစွာ ရှိနေသည့် အချင်းချင်း ယုံကြည်မှုကင်းမဲ့ခြင်းအားကျော်လွှားရန်နှင့် မြန်မာနိုင်ငံလူဦးရေအတွင်းရှိ ကွဲပြားမှုအမျိုးမျိုးအပြည့်အစုံနှင့် ပင်ကိုယ်စွမ်းရည်များအား ထင်ဟပ်စေရန် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူအများပူးပေါင်းပါဝင်မှု ပိုမိုကြီးမားလာစေရေး ကြိုးပမ်းအားထုတ်ရန် Elders အဖွဲ့မှ တိုက်တွန်းလိုက်ပါသည်။

လူအများပိုမိုပူးပေါင်းပါဝင်သည့် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်မှ မြန်မာနိုင်ငံအနေဖြင့် အကျိုးရရှိနိုင်မည်ဟု Elders အဖွဲ့ဝင်နှစ်ဦးဖြစ်သူ နော်ဝေးနိုင်ငံ ဝန်ကြီးချုပ်ဟောင်း **ဂရိုဟာလမ် ဘရန့်တလန်**နှင့် ဖင်လန်နိုင်ငံ သမ္မတဟောင်း **မာတီ အာတီဆာရီ** တို့မှ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ၄င်းတို့၏ (မတ်လ ၂၄ ရက်မှ ၂၈ ရက်အထိ) ငါးရက်တာ ခရီးစဉ်အဆုံးတွင် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ ရေရှည်တည်ငြိမ်မှုနှင့် ကြွယ်ဝမှုရရှိရေးအတွက် ဆောင်ရွက်မည်ဆိုပါက ပိုမိုကျယ်ပြန့်သည့် ပြောဆိုဆွေးနွေးမှုများမှာ လာမည့် နိုင်ငံရေးဆိုင်ရာသမိုင်းမှတ်ကျောက်များဖြစ်သည့် နိုင်ငံတစ်ဝှမ်း သန်းခေါင်စာရင်းကောက်ယူခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအတွက် ဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ၂၀၁၅ သမ္မတ ရွေးကောက်ပွဲများအတွက် အကျိုးရှိမည်ဖြစ်ကြောင်း ၄င်းတို့မှ ပြောကြားခဲ့ပါသည်။

(မတ်လ ၂၄ ရက်မှ ၂၅ ရက်အထိ) မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် သမ္မတဦးသိန်းစိန်၊ (တပ်မတော် ဦးစီးချုပ်) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ (လွှတ်တော်နာယက) သူရရွှေမန်း၊ (ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွက်တာဝန်ရှိသူ နိုင်ငံတော်သမ္မတရုံးဝန်ကြီး) ဦးအောင်မင်းတို့နှင့် အသေးစိတ် ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးခဲ့သည့်အကြောင်းအရာများတွင် ဒီမိုကရေစီကျ ပြုပြင်ပြောင်းလဲမှု၊ နိုင်ငံတစ်ဝှမ်း သန်းခေါင်စာရင်း ကောက်ခံမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရေးအတွက် အခက်အခဲများ ပါဝင်ပါသည်။ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အလားအလာများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

၄င်းနောက် (မတ်လ ၂၅ ရက်မှ ၂၆ ရက်အထိ) ကချင်ပြည်နယ်ရှိ မကျေအေးသေးသော ပဋိပက္ခအကြောင်း လေ့လာရန် မြစ်ကြီးနားသို့ သွားရောက်ခဲ့ကြပါသည်။ ဝန်ကြီးချုပ် လဂျောင်ငန်းဆိုင်နှင့် ၄င်း၏ဝန်ကြီးအဖွဲ့၊ ဒေသခံရပ်မိရပ်ဖများနှင့် ငြိမ်းချမ်းရေးတည်ဆောက်နေသည့် အဖွဲ့များအပါအဝင် အရပ်ဖက် လူမှု အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ပါသည်။ ပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာခဲ့ရသူများအတွက် မြို့ပြင်ရှိ စခန်း

တစ်ခုကိုလည်း သွားရောက်ခဲ့ကာ မူးယစ်ဆေးဝါးစွဲမှုနှင့် ကြီးထွားနေသည့် တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်မှုကြောင့် ပေါ်ပေါက်ရသည့် အခြားပြဿနာများကဲ့သို့ လူမှုရေးဒုက္ခများ ဖြေရှင်းရန်ကြိုးပမ်းနေသည့် လူငယ်အဖွဲ့အစည်းများ၏ ပြောကြားချက်များကိုလည်း ကြားခဲ့ကြရပါသည်။

နေပြည်တော်နှင့် ကချင်ပြည်နယ်သို့ Elders အဖွဲ့အစည်း၏ ခရီးနှင့်ပတ်သက်၍ **ဂရိုဟာလမ် ဘရန့်တလန်း**က -

*"သမ္မတကိုယ်တိုင် ဤခရီးတွင် ပြောခဲ့သည့်အတိုင်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီသက်တမ်းနုပါသေးသည်။ ထို့အပြင် ၎င်းမှာ ရည်မှန်းချက်ကြီးမားကြောင်း၊ အမျိုးမျိုးကွဲပြားပြီး စွမ်းအင်ကြီးမားကာ ဒီမိုကရေစီ လုပ်ငန်းစဉ် အတွင်း အပြည့်အဝလုပ်ကိုင်လိုသည့် အရပ်ဖက်အဖွဲ့အစည်းလည်းရှိကြောင်း ကျွန်ုပ်တို့ ထပ်လောင်း ပြောချင်ပါသည်။*

*"အပြုသဘောဆောင်သည့် သက်ရောက်မှုရှိရန်ကြိုးပမ်းနေပြီး စိတ်ဓာတ်နိုးဆော်ပေးနိုင်စွမ်းရှိသည့် အဖွဲ့များစွာ နှင့် ကျွန်ုပ်တို့ တွေ့ဆုံခဲ့ရပါသည်။ အမျိုးသမီးအဖွဲ့များ၊ တိုင်းရင်းသားအဖွဲ့များ၊ လူငယ်အဖွဲ့များစသည့် ၎င်း အဖွဲ့များအား အသိအမှတ်ပြုပြီး တိုင်ပင်ဆွေးနွေးရန် အစိုးရမှ နည်းလမ်းများရှာဖွေသင့်သည်ဟု ကျွန်ုပ်တို့ ယူဆပါသည်။ နိုင်ငံတစ်ဝှမ်းသန်းခေါင်စာရင်းမှသည် အတိုင်းအတာကြီးမားသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ပေါ်ပေါက်နိုင်ရေးအထိ နိုင်ငံသားများ၏ သဘောထားအမြင်များအား ထည့်သွင်းစဉ်းစားခြင်း မရှိကြောင်း စိုးရိမ်မှုများ ကျွန်ုပ်တို့ ကြားခဲ့ကြပါသည်။*

*"ရေရှည်ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီကျပါဝင်မှုမှာလည်း လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ပဋိပက္ခများမှာ ဒီမိုကရေစီအားနည်းစေခြင်း၊ ရပ်တန့်စေခြင်းများ ဖြစ်ပေါ်စေလေ့ရှိသော်လည်း နိုင်ငံတစ်ဝှမ်း သဘောတူညီမှု ရရှိရေးအတွက် စီမံထားသည့် ဒီမိုကရေစီအဖွဲ့အစည်းများမှာမူ ပြည်တွင်းပဋိပက္ခဖြစ်ပေါ်နိုင်သည့် အလားအလာအန္တရာယ်ကို လျော့ပါးစေပါသည်။ ပဋိပက္ခနှင့် သက်ဆိုင်သူအားလုံးမှ ဤခေတ်သစ် ပေါ်ပေါက်ရန် အသိဉာဏ်ရှိရှိ၊ အပြုသဘောဖြင့် ပါဝင်ရမည်ဖြစ်သည်"* ဟုပြောကြားခဲ့ပါသည်။

(မတ်လ ၂၇ ရက်မှ ၂၈ ရက်) ထိုင်းနိုင်ငံတွင် Elders အဖွဲ့မှ ပြည်တွင်းပဋိပက္ခဖြစ်ပွားမှု၏ ရေရှည် ထိခိုက်မှုများအား လေ့လာရန်နှင့် နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းစစ်ကြောင့် ပေါ်ပေါက်လာသည့် ပြည်ပရောက် လူမှုအသိုင်းအဝိုင်းများမှ တည်ထောင်ထားသည့် အခြေကျနေပြီဖြစ်သော ဝန်ဆောင်မှု အဖွဲ့အစည်းများအား လေ့လာရန် ထိုင်း-မြန်မာ နယ်စပ်ရှိ မဲလဒုက္ခသည်စခန်းနှင့် မဲတော်ကျန်းမာရေး ဆေးခန်းများသို့ သွားရောက်ခဲ့ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဆွေးနွေးရန် Elders အဖွဲ့အစည်းမှ ချင်းမိုင်မြို့တွင် အမျိုးသမီးအဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ပါသည်။ လက်ရှိ အပစ်အခတ် ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုများအပေါ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ သဘောထားများကို ကြားသိရန် ၎င်းတို့၏ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့ပါသည်။

ထိုင်းနိုင်ငံ မဲလဒုက္ခသည်စခန်းနှင့် မဲတော်ကျန်းမာရေးဆေးခန်းများသို့ သွားရောက်ခဲ့မှုနှင့်ပတ်သက်၍ **မာတီ အာတီဆာရီ**က -

*"ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်တွင်နေထိုင်နေကြသည့် လူမှုအသိုင်းအဝိုင်းများမှ အခက်အခဲများ၊ ခွဲခြား ဆက်ဆံမှုများအကြောင်း ပြောကြပါသည်။ တိုင်းရင်းသား နယ်စပ်ဒေသများမှ မိသားစုများမှာ ဆယ်စု*

*နှစ်ပေါင်းများစွာ ပြည်တွင်းစစ်ဒဏ်ကို အခံခဲ့ရဆုံးသူများ၊ ရွာများပစ်ကာ လုံခြုံသည့်နေရာများ ရောက်အောင် ခက်ခဲသည့် ရေမြေ တောတောင်တို့ကို ဖြတ်ကျော်လာရသူများ ဖြစ်ပါသည်။*

*"သို့ရာတွင် ဤဇာတ်လမ်းများတွင် ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုနှင့် မျှော်လင့်ချက်တို့လည်း ပါပါသည်။ ဤလူမှု အသိုင်းအဝိုင်းများမှ နိုင်ငံတကာပံ့ပိုးမှုဖြင့် အရည်အသွေးကောင်းမွန်သည့် ဆေးခန်းများ၊ ကျောင်းများနှင့် ကျွမ်းကျင်မှုများကို ဆယ်စုနှစ်များစွာအတွင်း တည်ဆောက်နိုင်ပုံကို မြင်ရသည်မှာ အလွန်ပင် အထင်ကြီးဖွယ်ရာ ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းနှင့် ပြည်ပရောက် မြန်မာများအကြားတွင်ရှိသည့် ဤလူ့စွမ်းအားပေါ် အခြေခံပြီး တာရှည်ခိုင်မြဲသည့် ငြိမ်းချမ်းရေးအား တည်ဆောက်ရန်ဖြစ်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပံ့ပိုးမှုသည်လည်း လိုအပ်နေဆဲ ဖြစ်ပါသည်။*

*"မကြာမီတွင် အဖက်ဖက်မှ နိုင်ငံတစ်ဝန်း အပစ်အခတ်ရပ်စဲရန် သဘောတူနိုင်ပြီးနောက် ၎င်းဆရာဝန်များနှင့် ဆရာဆရာမများကဲ့သို့ ဤဝန်ဆောင်မှုများအား နိုင်ငံအဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းမှာ ရေရှည် ယုံကြည်မှုတည်ဆောက်ရေးအတွက် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် ထုတ်လုပ်နိုင်စွမ်းနှင့် ကျွမ်းကျင်မှုတို့ ရှိပြီး ကျန်းမာသည့် ပြည်သူပြည်သားများ လိုအပ်သည်ဖြစ်ပြီး ၎င်းတို့အား နှစ်ဦးနှစ်ဖက် လေးစားမှု၊ ယုံကြည်မှုတို့ဖြင့် အုပ်ချုပ်ရမည်ဖြစ်ပါသည်။"* ဟုပြောကြားပါသည်။

မြစ်ကြီးနားမြို့တွင် Elders အဖွဲ့မှာ ကချင်အမျိုးသမီးများ သမဂ္ဂ၊ ရှားအစ် (Sha-it)၊ ကျောင်းသားအဖွဲ့တစ်ဖွဲ့၊ အမျိုးသား ဒီမိုကရေစီတပ်ဦးမှ အဖွဲ့ဝင်တစ်ဦးတို့နှင့် တွေ့ဆုံခဲ့ပါသည်။ ဤနိုင်ငံသို့ရောက်ရောက်ချင်း Elders အဖွဲ့မှ ကချင်တက်ကြွလှုပ်ရှားသူ စိုင်းရော်နှင့် ရန်ကုန်တွင် တွေ့ဆုံခဲ့ပါသည်။

မဲဆောက်တွင် ၎င်းတို့မှ ကရင်အမျိုးသမီးများအဖွဲ့အစည်း၊ ကရင် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၊ ပြည်တွင်း ရွှေ့ပြောင်းနေထိုင်ကြရသူ အိုးအိမ်မဲ့ ကရင်လူမျိုးများကော်မတီ၊ ကရင်ပညာရေးဌာန၊ ကရင်လူငယ်အဖွဲ့အစည်း၊ ကရင်လူ့အခွင့်အရေးအဖွဲ့စသည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ပါသည်။

ချင်းမိုင်တွင် မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်၊ ညီညွတ်သည့်နိုင်ငံသားများ ဖက်ဒရယ်ကောင်စီမှ ကိုယ်စားလှယ် စသည်တို့နှင့် တွေ့ဆုံခဲ့ပါသည်။

ဤခရီးမှာ Elders အဖွဲ့၏ မြန်မာနိုင်ငံတွင် အလယ်အလတ်ကာလ အလုပ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ (အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း) **ဂျင်မီကာတာ**၏ ပထမဆုံးခရီးစဉ်နှင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလ **မာတီ အာတီဆာရီ** နှင့် **ဂရို ဟာလမ် ဘရန်တလန်** တို့၏ ခရီးစဉ်နောက်ပိုင်းတွင် Elders အဖွဲ့အစည်းမှ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်တွင် ဆက်လက်ပါဝင်မည် ဖြစ်ပါသည်။

## သတင်းမီဒီယာစုံစမ်းမှုများ

ခရီးစဉ်မှ ဓာတ်ပုံများကို Flickr တွင် ကြည့်ရှုနိုင်ပါသည်။ ဓာတ်ပုံရိုက်ကူးသူများ။ ။ ကောင်းထက်/The Elders။

Elders အဖွဲ့မှာ နောက်ဆက်တွဲ အင်တာဗျူးများလုပ်ပေးနိုင်ခြင်းမရှိကြောင်း သတိပြုပါ။

*နိုင်ငံတကာ ဆက်သွယ်ရန်။ ။*
Elliott Fox, Media Officer, The Elders: media@theElders.org / T +44 (0) 77 9569 3903

*မြန်မာနိုင်ငံတွင် ဆက်သွယ်ရန်။ ။*
စိုးသူထွန်း၊ Mango Media: media-14@mango.com.mm / T +95 (0) 9 4500 01087

---

## Elders အဖွဲ့အကြောင်း

Elders အဖွဲ့ဝင်များမှာ ကမ္ဘာတစ်ဝှမ်းတွင် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးအတွက် ၎င်းတို့၏အတွေ့အကြုံအစုအပေါင်းနှင့် ဩဇာလွှမ်းမိုးမှုတို့ အသုံးပြုသည့် သီးခြားခေါင်းဆောင်များ အဖွဲ့ဖြစ်ပါသည်။ ဤအဖွဲ့အား နယ်လ်ဆင် မန်ဒဲလားမှ ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။

Elders အဖွဲ့ဝင်များမှာ မာတီ အာတီဆာရီ၊ ကိုဖီအာနန် (ဥက္ကဋ္ဌ)၊ အယ်လာ ဘတ်၊ လတ်ခ်ဒါး ဘရာဟီးမီ၊ ဂရို ဟာလမ် ဘရန့်တလန် (ဒုဥက္ကဋ္ဌ)၊ ဖနန်ဒို အွန်ရိုကေ ကာဒိုးစို၊ ဂျင်မီကာတာ၊ ဟီနာ ဂျီလာနီ၊ ဂရာစာ မာချယ်၊ မေရီရော်ဘင်စန်နှင့် အာနက်စတို ဇေဒီးလိုတို့ ဖြစ်ပါသည်။

ဒက်စမွန်တူးတူးမှာ Elders အဖွဲ့၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင် ဖြစ်ပါသည်။

Elders အဖွဲ့ဝင်များ၏ အတ္ထုပ္ပတ္တိများ၊ ဘလော့ဂ်များ၊ ဓာတ်ပုံများ၊ ဗီဒီယိုများနှင့် ၎င်းတို့၏ ဆောင်ရွက်ချက်များအကြောင်း ပိုမိုသိလိုပါက www.theElders.org မှာဖတ်ပါ။

Elders အဖွဲ့၏ သတင်းထုတ်ပြန်ချက်များ ရရှိရန် စာရင်းပေးပါ။

Elders အဖွဲ့ဝင်များအကြောင်း Twitter, Facebook, Flickr နှင့် YouTube တို့တွင် ဖတ်ရှုပါ။